## မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေ (၂၀၁၈) နှင့် ဆက်စပ်ကြေညာချက် အပေါ် အရပ်ဘက်လူမှု အဖွဲ့အစည်းများ ၏ သဘောထား ထုတ်ပြန်ချက်

ရက်စွဲ။ ။ ၁၆ နိုဝင်ဘာလ ၂၀၁၈ ခုနှစ်

တိုင်းရင်းသားပြည်သူများ အပြင်းအထန် ကန့်ကွက်ခဲ့သည့် မြေလွတ် မြေလပ် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေအား ၂၀၁၈ စက်တင်ဘာလ ၁၂ ရက် တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီးနောက် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲမှု ဗဟိုကော်မတီ၏ ၂၀၁၈ အောက်တိုဘာ ၃၀ ရက်စွဲဖြင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်မရရှိပဲ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ရယူအသုံးပြုလျှက်ရှိသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအနေဖြင့် မှတ်ပုံတင်ရန် အသိပေးအကြောင်းကြားချက်အား ထုတ်ပြန်ခဲ့သည်။

အဆိုပါ ဥပဒေ၏ ပုဒ်မ ၂၂ ပုဒ်မခွဲ (ခ) အရ ဥပဒေအတည်ပြုပြဋ္ဌာန်းပြီး ခြောက်လအတွင်း သတ်မှတ်ချက်များနှင့် အညီမှတ်ပုံတင်ရမည်ဟု ဖော်ပြပါရှိသည်။ ၎င်းအပြင် ဥပဒေပုဒ်မ ၂၇ ပုဒ်မခွဲ (က) တွင် ဗဟိုကော်မတီ၏ ခွင့်ပြုမိန့်မရရှိပဲ မြေလွတ် ၊ မြေလပ် ၊ မြေရိုင်းများကို အသုံးပြုသူ မည်သူမဆို ပုဒ်မ ၂၂ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၃) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၂ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ ၊ ကျပ် ၅ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ၊ ဒဏ် နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ဖော်ပြပါရှိသည်။

၎င်း မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေ နှင့် အဆိုပါ အသိပေး အကြောင်းကြားစာ အပေါ် မိမိတို့ အရပ်ဘက် အဖွဲ့အစည်းများ၏ သဘောထား ရပ်တည်ချက်များမှာ-

၁။ အမျိုးသားမြေအသုံးချမှုမူဝါဒ အား ၂၀၁၆ ဇန်နဝါရီလတွင် သမ္မတရုံးမှ အတည်ပြုခဲ့ပါသည်။ လက်ရှိတွင် မြေအသုံးချမှုနှင့် ဆက်စပ်သောဥပဒေပေါင်း ၆၀ ကျော် ရှိသောကြောင့် အမျိုးသားမြေဥပဒေတစ်ရပ်အား အမျိုးသားမြေအသုံးချမှု ဗဟိုကော်မတီမှ ရေးဆွဲရမည် ဟု အဆိုပါ မူဝါဒတွင် ပြဋ္ဌာန်းထားပါသည်။ အမျိုးသားမြေအသုံးချမှုမူဝါဒ အပိုင်း (၈) တိုင်းရင်းသား လူမျိုးများ၏ မြေအသုံးချမှု အခွင့်အရေး အပိုဒ် ၆၆ (ခ) တွင် " လက်ရှိ မြေအသုံးချမှုကို မှတ်တမ်းနှင့် မြေပုံများတွင် ဖော်ပြထားခြင်းရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ ၊ မှတ်ပုံတင်ထားခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ၊ မြေအသုံးချလျှက်ရှိသည့် တိုင်းရင်းသား လူမျိုးစုများ၏ ရိုးရာမြေလုပ်ပိုင်ခွင့် အခွင့်အရေးများနှင့် ဒေသဆိုင်ရာ ရိုးရာမြေစီမံအုပ်ချုပ်မှု အလေ့အထများကို အသိအမှတ်ပြု ကာကွယ်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ယခု

မြေလွတ်၊မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေ (၂၀၁၈) သည် အဆိုပါ ပြဌာန်းချက်များကို ကျူးလွန် ဆန့်ကျင်နေပါသည်။

၂။ မြေလွတ်၊မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေ (၂၀၁၈) ပုဒ်မ (၃၀) ပုဒ်မခွဲ (ခ) တွင် တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်း မြေယာအသုံးချမှု များကို အသိအမှတ်ပြုသယောင် ဖော်ပြ ပါရှိသည်။ သို့သော် လက်တွေ့အကောင်အထည်ဖော်ရန် မည်သည့် သတ်မှတ်ချက်၊ ပြဌာန်းချက်များမျှ မရှိနေသည့်အတွက် တိုင်းရင်းသားပြည်သူများ၏ မြေယာ ပိုင်ဆိုင်မှုကို တစ်ဖက်လှည့်ဖြင့် ဆုံးရှုံးစေသည့် ဥပဒေ ဖြစ်ပါသည်။

၃။ဤမြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေသည် တိုင်းရင်းသားများလိုလားသော ဖက်ဒရယ် ဒီမိုကရေစီ စံနှုန်းများနှင့် ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်နေခြင်းနှင့် ၂၁ ရာစု ပင်လုံ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တစ်လျှောက် ဆွေးနွေးမှုများအား လုံးဝ အသိအမှတ်မပြုသည့် သဘော သက်ရောက်နေပါသည်။ ထို့ကြောင့် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ လက်ရှိဆောင်ရွက်နေသော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အား ဆိုးရွားစွာ ထိခိုက်စေမည် ဖြစ်သဖြင့် ထိုဥပဒေအား ဖြည့်စွက် ပြင်ဆင်ခြင်းပြုလုပ်ရုံဖြင့် မလုံလောက်နိုင်သည့်အတွက် ခြွင်းချက်မရှိ လုံးဝ အပြီးတိုင် ဖျက်သိမ်းပစ်ရမည့် ဥပဒေ ဖြစ်သည်။

၄။ တိုင်းရင်းသားဒေသများတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဟူ၍ လုံးဝ မရှိပါ။ ယခုပြဌာန်းသည့် မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေသည် မြေယာနှင့် သစ်တောများကို အမှီပြု၍ အသက်မွေးဝမ်းကျောင်းပြုနေသည့် တိုင်းရင်းသား ပြည်သူများ၏ မြေယာပိုင်ဆိုင်မှု အခွင့်အရေးများအား ထာဝရ လက်လွတ်ဆုံးရှုံးစေမည့် ဥပဒေဖြစ်သည်။ တိုင်းရင်းသား ပြည်သူများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ နှင့် စုပေါင်းမြေယာအခွင့်အရေးများကို အသိအမှတ်ပြုပြီး မြေယာအပေါ် အမှီသဟဲပြုနေသည့် ပြည်သူများ၏ အကျိုးစီးပွားကို ဦးစွာ ပထမ အကာအကွယ်ပေးရန်မှာ ပဓာနကျသည့် ဦးစားပေးမှုဖြစ်ရမည်။

၅။ ယခု ဥပဒေသည် ဖွံ့ဖြိုးရေးအမည်ခံ ရင်းနှီးမြှုပ်နှံမှုများ အတွက် မြေယာဈေးကွက်ဖန်တီးရန် ဦးစားပေးထားသည့် မှားယွင်းသောဥပဒေ ဖြစ်သည်။ ဤဥပဒေသည် သန်းပေါင်းများစွာသော တိုင်းရင်းသားပြည်သူများအား မြေယာမဲ့ ရာဇဝတ်သားဘဝသို့ ရောက်ရှိစေပြီး ၎င်းတို့၏ ဘဝရပ်တည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးအမှတ်လက္ခဏာများနှင့် လူမှု ဘဝ ဖြစ်တည်မှု တစ်ခုလုံး ဆုံးရှုံးပျောက်ကွယ်စေမည်။ ထို့ကြောင့် အစိုးရအနေဖြင့် ယခုဥပဒေအား ဖျက်သိမ်း၍ တိုင်းရင်းသားပြည်သူများ၏ ဂုဏ်သိက္ခာ၊ ဘဝရပ်တည်မှု၊ အမျိုးသားရေး အမှတ်လက္ခဏာများကို အာမခံ အကာအကွယ်ပေးမည့် ဖက်ဒရယ် မြေယာ ဥပဒေတစ်ရပ် ရေးဆွဲပြဌာန်းပေးရမည်။

၆။ ယခုဥပဒေသည် ပဋိပက္ခအမျိုးမျိုးကြောင့် နေရပ်စွန့်ခွာထွက်ပြေးရသည့်မရေမတွက်နိုင်သော ပြည်သူများအတွက် စိုးစဉ်းမျှ ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ နိုင်ငံတစ်ဝှမ်းမှ

တိုင်းရင်းသားတို့၏ မြေယာများကို မတရားသည့် ဥပဒေဖြင့် ပြဌာန်း သိမ်းဆည်းရန် ကြိုးပမ်းခြင်းဖြစ်သည်။ ထို့ကြောင့် အစိုးရအနေဖြင့် မြေယာ နှင့် သယံဇာတစီမံအုပ်ချုပ်မှုတွင် ဖက်ဒရယ် ဒီမိုကရေစီစံနှုန်းများကို အခြေခံ၍ တိုင်းရင်းသားအပေါင်းတို့၏ ကိုယ်ပိုင်ပြဌာန်းခွင့် နှင့် ဓလေ့ထုံးတမ်းဆိုင်ရာ အခွင့်အရေးများကို အသိအမှတ်ပြုသော ဥပဒေတစ်ရပ် ရေးဆွဲအကောင်အထည်ဖော်မှသာ စစ်မှန်သည့် ငြိမ်းချမ်းရေးကို ရရှိနိုင်မည်ဖြစ်သည်။

၇။ လယ်ယာမြေ ဥပဒေ နှင့် မြေလွတ်၊မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေများကို ၂၀၁၂ မတ်လ ၃၀ ရက်နေ့တွင် တပြိုင်တည်းပြဌာန်းပြီးနောက် မြေယာသိမ်းဆည်းမှုများ၊ တောင်သူလယ်သမားများအား မတရား တရားစွဲဆို ထောင်ချခြင်းများ ဆိုးဝါးစွာ မြင့်တက်ခဲ့ပါသည်။ မတရား မြေသိမ်းဆည်းခံရမှုများကို ဆန့်ကျင်သည့် လှုပ်ရှားမှုများကိုနှိပ်ကွပ်ရန် အဆိုပါ ဥပဒေများကို ပြစ်ဒဏ်များတိုးမြှင့် ပြင်ဆင်သည့် ဥပဒေများအား ၂၀၁၇ ဇွန်လ နှင့် ဩဂုတ်လများမှ စတင်၍ ကြိုးပမ်းခဲ့ကြပြီး တစ်ဆက်တည်းတွင် ၂၀၁၇ မြေသိမ်း ဥပဒေကြမ်းကိုလည်း လွှတ်တော်သို့ အဆိုပြုခဲ့သည်။ အချုပ်အားဖြင့် အဆိုပါ လုပ်ဆောင်ချက်များအားလုံးသည် မြေယာ ပဋိပက္ခများကို မဖြေရှင်းနိုင်သည့်အပြင် ပိုမိုဆိုးရွား ကျယ်ပြန့် လာမည့် အန္တရာယ် ရှိနေပါသည်။ ထို့ကြောင့် အစိုးရအနေဖြင့် လက်ရှိဆောင်ရွက်နေသည့် မြေနှင့်ဆက်စပ်သည့် ဥပဒေ တစ်ခုချင်းစီအား ပြင်ဆင်ရေးဆွဲအကောင်အထည်ဖော်မှုများကို ရပ်တန့်၍ အားလုံးလွှမ်းခြုံပြီး ခိုင်မာကောင်းမွန်သော ဖက်ဒရယ် မြေယာ ဥပဒေသစ်တစ်ရပ်ကို ရေးဆွဲအကောင်အထည်ဖော်ရန် အောက်ပါအတိုင်း အကြံပြုအပ်ပါသည်။

**အကြံပြုချက်**

တောင်သူလယ်သမားများသည် လူ့ဘောင်အသိုက်အဝန်းတစ်ရပ်လုံးကို ကျွေးမွေးထောက်ပံ့ရန် အတွက် မျိုးဆက်တစ်ဆက်ပြီး တစ်ဆက် မိမိတို့၏ ဘဝများကို မြေယာ၌ ရင်းနှီးမြှုပ်နှံခဲ့ကြသူများ ဖြစ်သည်။ တိုင်းရင်းသားတောင်သူလယ်သမားများအတွက် မြေယာသည် အသက်သွေးကြောဖြစ်သဖြင့် မိမိတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာ ပိုင်ဆိုင်ခဲ့ကြသော ဘိုးဘွားပိုင်မြေယာများကို မိမိတို့ကိုယ်တိုင် စီမံပိုင်ခွင့် ရှိရပါမည်။ ဖယ်ဒရယ်သဘောတရားကို ကျင့်သုံးမည်ဆိုပါက ဤကဲ့သို့ ဓလေ့ထုံးတမ်း ဆိုင်ရာ မြေယာလုပ်ပိုင်ခွင့်စနစ်များကို ကျင့်သုံးရန် လိုအပ်ပါသည်။ ဓလေ့ထုံးတမ်းစနစ်များသည် တိုင်းရင်းသား တောင်သူလယ်သမား မျိုးဆက်ပေါင်းများစွာကို ကျွေးမွေးထောက်ပံ့၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေး ကို များစွာ အထောက်အကူပြုစေပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံအတွင်းရှိ မြေယာ အရေးကိစ္စ အဂဂ တည်ငြိမ်အေးချမ်းစွာ အဆင်ပြေချောမွေ့စေလိုပါက ဤကဲ့သို့သော အရေးကိစ္စမျိုး၌ ကျွမ်းကျင်နှံ့စပ်သော တိုင်းရင်းသား တောင်သူလယ်သမားများကို ဦးဆောင်ဖန်တီးခွင့် ပြုရေးမှာ အလွန်အရေးကြီးသော လိုအပ်ချက်တစ်ခုဖြစ်ပါသည်။

မြေယာဆိုင်ရာ ပြဿနာ နှင့် ပဋိပက္ခများသည် မတူကွဲပြားသော ဒေသများတွင် မတူကွဲပြားသည့် အကြောင်းအရင်းများဖြင့် ပုံစံ မျိုးစုံ ကျယ်ပြန့်စွာ ဖြစ်ပွားလျက်ရှိသည့် အတွက် နည်းလမ်း တစ်ခုတည်းဖြင့် ဖြေရှင်းရန် မဖြစ်နိုင်သည်မှာ ပကတိ အရှိတရား

ဖြစ်သည်။ ထို့ကြောင့် မတူကွဲပြားသည့် ဒေသများ၏ အခြေအနေကိုလိုက်၍ အားလုံးပူးပေါင်းပါဝင် ဆုံးဖြတ်သည့် နည်းလမ်းများဖြင့်သာ မြေယာဆိုင်ရာ ပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ မျှော်ရည်သော ဖက်ဒရယ် ပြည်ထောင်စုနှင့် ကိုက်ညီပြီး မြေယာ အချုပ်အခြာ အုပ်စိုးပိုင်မှု နှင့် မြေယာ ဆိုင်ရာ ရပိုင်ခွင့်များကို ဖြည့်ဆည်းပေးမည့် အမျိုးသားမြေယာဥပဒေတစ်ရပ် ရေးဆွဲ အကောင်အထည်ဖော်ခြင်း အားဖြင့် လက်ရှိ ဖြစ်ပေါ်နေသော ပဋိပက္ခများ နှင့် အကျပ်အတည်းများကို ဖြေရှင်းသင့်သည်။

၁။ ဖက်ဒရယ်မြေယာ ဥပဒေ သစ်တစ်ရပ် ရေးဆွဲ သည့် လုပ်ငန်းစဉ် တွင် မတူ ကွဲပြားသည့် ဒေသအသီးသီး မှ ဒေသခံ တိုင်းရင်းသား ပြည်သူများ ပါဝင် ရေးဆွဲ ဆုံးဖြတ်နိုင်သည့် လုပ်ငန်းစဉ် ဖြစ်ရမည်။

၂။ တိုင်းရင်းသားဒေသများတွင် လက်ရှိ အသုံးပြုနေသော ကောင်းမွန်သည့် ဓလေ့ထုံးတမ်း မြေယာ စီမံခန့်ခွဲမှု နှင့် အသုံးချမှု များကို ရှင်းလင်းစွာ အတည်ပြု ပြဋ္ဌာန်း ပေးသည့် ဥပဒေဖြစ်ရမည်။

၃။ မည်သည့် မြေယာ အသုံးချမှု ဆိုင်ရာ ဆုံးဖြတ်ချက်များတွင်မဆို ဗဟိုချုပ်ကိုင်မှု ကင်းသော ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ဆုံးဖြတ်ချက် ကို အသိအမှတ်ပြု လက်ခံသည့် ဥပဒေ ဖြစ်ရမည်။

အောက်ဖော်ပြပါအဖွဲ့အစည်းများမှ ဤသဘောထားထုတ်ပြန်ချက်အား အတည်ပြုထုတ်ပြန်သည်။

1 Tavoyan Women's Union

2 နိုင်မြဲသစ္စာကော်မတီ (တနင်္သာရီ)

3 သရက်ချောင်းလယ်သမားသမဂ္ဂ

4 ၈၈ ပွင့်လင်း

5 ၈၈ ငြိမ်း/ပွင့် ရေကြည်

6 ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့ အဖွဲ့ အစည်း (ကော့သောင်း)

7 ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း (မြိတ်)

8 ၈၈ သွေးသစ်

9 Action Group for Farmer Affair (AGFA)

10 AFFL-IUF ကျောက်မဲ

11 AFFL-IUF နောင်ချို

12 ALARM

13 Alin Banmaw LDO - အလင်းဗန်းမော်ဒေသဖွံ့ဖြိုးရေးအဖွဲ့

14 Alin Thit Social Development Organization

15 Alinsaetamarn library & Resource center

16 All Arakan Students' and Youths' Congress (AASYC)

17 All Kachin Youth Union

18 Arakan Peasant Union (APU)

19 Arakan Rivers Network (ARN)

20 Arakan Youth Network (AYN)

21 Area Peace and Development Forward (APDG)

22 ASDO

23 Asiochin Independence force (Magway region)

24 Ayeyarwaddy Transparency and Acoountability Assocation( ATAA )

25 Ayeyarwaddy West Development Organization

26 Ayeyarwaddy-MATA

27 AYN Ayeyarwady Youth Network

28 Banmaw Youth Network

29 BBDN

30 BRIDGE

31 Burma Environmental Working Group (BEWG)

32 Burma Monitor

33 C.C.F.C/CBA

34 CAFT Citizen Action For Transparency

35 Candle Light Youth Group

36 CBT - ငန်းချောင်းထိန်းသိမ်းရေး

37 CBT ဂေါ်ရင်ဂျီကျွန်း (နံ့သာပု)

38 Center for Environment and Resources

39 Center for Environment and Resources Development in Arakan (CERDA)

40 Central Chin Youth Organization

41 Chin Community Base Rehabilitation - Hakha

42 Chin Education Initiative

43 Chin Farmer Network

44 Chin Green Network

45 Chin Land Affair Network(CLAN)

46 Chin River Watch (CRW)

47 Chin women Development Organization

48 Chin Youth Network

49 Chin Youth Organization(kanpetlet)

50 Chinland Natural Resources Watch Group (CNRWG)

51 cho-Chin Development Association -CDA

52 Citizens Action For Transparency

53 CLAY ( Center for Learning Alternative for Youth)

54 COA _ Community Observers Association

55 Coal Watch Kawthaung

56 Communiry Develovment Association

57 Community Development Department (Kachin Baptist Convention)

58 Community Health and Development (CHAD)

59 Community Network Centre (သထုံခရိုင်)

60 Community Response Group (ComReG)

61 CRAG

62 Dawei Development Association

63 Dawei Research Association

64 Dawei Watch Foundation

65 Democratic Education Corner- DEC

66 Development Organization

67 Enet ကွတ်နိုင်မြေယာအဖွဲ့

68 Falam Watch Group (ဖလမ်းစောင့်ကြည့်ရေးအဖွဲ့)

69 FDA

70 Free & Fair (Youth) Network

71 Free and Justice

72 FUA (Forest User Association)

73 Future Star Youth Organization(အနာဂတ်ကြယ်ပွင့် လူငယ်အဖွဲ့)

74 Future Women Association(FWA)

75 Ga Ra Yang IDp Land Protection Committee

76 Galaxy Education Network

77 Global Family (Hakha)

78 Golden Heart Organization

79 GREEN (Hakha)

80 Green Development Network (Paung Township)

81 Green For All (Nahto Gyi)

82 Green Justice

83 Green Network Mergui Archipelago

84 Green Network Tanintharyi

85 Green Rights Organization

86 Grip Hands Foundation

87 Heartland Foundation

88 Hornbill Organization

89 Htoi Gender

90 Hualngo Youth Organiztion (HYO)

91 Huminity Institute (HI) (Kachin )

92 HURFOM

93 IFI Watch (Kyun Su)

94 IFI Watch Myanmar

95 iSchool-Myanmar

96 Jeepyah Civil Social Development Organization

97 Justice Society Organization

98 K'Cho Land Development Association (Mindat)

99 K`Cho Chin Women Organization (Mindat)

100 Kachin Biblical Baptist Church (KBBC)

101 Kachin Lawyers' Group(KLG)

102 Kachin Literature and Culture Association

103 Kachin national social development foundation

104 Kachin National Youth Network (KNYN)

105 Kachin State Farmers Association

106 Kachin State Farmers' Network - တောင်သူလယ်သမားကွန်ယက်အဖွဲ့.

107 Kachin State Women Network

108 Kachin State Youth Assembly

109 Kachin State Youth Association

110 Kachin Women Union - ကချင်အမျိုးသမီးအစည်းအရုံး

111 Kalyana Meikta Social Association ( Khin U)

112 Kanpetlet Land Development Organization

113 Kant Ba Lu Farmers Network

114 Karen Grassroots women network

115 Karen Human Rights Grou

116 Karen Rivers Watch

117 Karenni Human Rights Group (KnHRG)

118 Karenni Nationalities People's Liberation Front - Youth ( KNPLF - Youth )

119 Karuna Mission Social Solidarity- Kengtung

120 Karuna Mission Social Solidarity- Loikaw

121 Karuna Mission Social Solidarity- Taunggoo

122 Kayah Baptist Association ( KBA - CSSDD )

123 Kayahliphu Youth

124 KCWG (Kachin Conservation Working Group)

125 KEAN

126 KEG

127 KESAN

128 Khu Pho Kapaw

129 KLPDC

130 KMIW

131 KNLPF Youth

132 KOG

133 KRW

134 KSFA (Kachin State Farmer Association)

135 KSFU

136 Kyaukphyu Rural, Development Association

137 Kyaukphyu SEZ CSOs Alliance (KSCA)

138 Lahu Development Network

139 LAIN Technical Support Group

140 Lairawn Zirsang Pawlkom, Kalay

141 Land Resources Group

142 Lin lake Kyal Social Development Organization(လင်းလက်ကြယ်လူမှုဖွံ့ဖြိုးရေးအဖွဲ့)

143 Loi Yang Bum

144 Mandalay Regional Youth Association(MRYA)

145 Mandalay YMCA

146 MATA စစ်ကိုင်းတိုင်း

147 Matu Women Association (Matupi)

148 Maymyo Farmer Network

149 Min Lwin Environmental Conservation Group

150 Mindat Youth Association -MYA

151 Minhla Youth

152 Mon Region Land Policy Affair Committee

153 Mon Women Organization

154 Mother Land – Tanintharyi

155 MPA(Shan State) မြန်မာလူထုမဟာမိတ်(ရှမ်းပြည်)

156 MRJ ( မာယာဂျာ)

157 Muditar Organization(မုဒိတာ အဖွဲ့)

158 Mwetaung Area Development.

159 Myanmar Cultural Research Society (MCRS)

160 Myeik Lawyers Network

161 National Network for Education Reform_ NNER

162 NeT Organization(ရှမ်းမြောက်)

163 Network for Chin Community Development(NCCD)

164 NINU (Women in Action Group)

165 Nyan Lynn Thit Analytica

166 Open Data Myanmar

167 Open Development Foundation

168 Our Nature Land

169 Oway Education and Youths Institute

Pan Tain Shin Fisherman Rural Development
170 Orgalization (ပန်းတိုင်ရှင်အဖွဲ့ ရေလုပ်သား ကျေးလက်ဒေသဖွံ့ဖြိုးရေးအဖွဲ့)

171 Pan Tain Shin Rural Development Orgalization (ပန်းတိုင်ရှင်အဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးအ

Pan Tain Shin Women Rural Development Orgalization(ပန်းတိုင်ရှင်အဖွဲ့
172 အမျိုးသမီးကျေးလက်ဒေသဖွံ့ဖြိုးရေးအဖွဲ့)

173 Paung Ku

174 Paungsee Myittar Organization(ပေါင်းစည်းမေတ္တာအဖွဲ့)

175 Peace Law Academy Network

176 Peace Working Committee

177 Political And Civil Engagement Group(နိုင်ငံရေး နှင့် ပြည်သူ့ရေးရာ စေ့စပ်ညှိနှိုင်းမှုအဖွဲ့)

178 Pone Yate Sit Regional Development Orgalization(ပုံရိပ်စစ် ဒေသဖွံ့ဖြိုးရေးအဖွဲ့)

179 Pyoe Development Organization

180 Rain Maker Development Institute (Kachin)

181 Rainfall Gender Study Organization

182 Resource Rights for the Indigenous Peoples

183 Rule of law watch group

184 Sama Zone IDP Land Protection Committee

185 SaNaR(Save The Natural Resource)

186 SarPhyu Famar Network (စာဖြူလယ်သမားကွန်ယက်)

187 Saytana Shaesaung Youth Organization(စေတနာ့ရှေ့ဆောင် လူငယ်အဖွဲ့)

188 Shan Women Development Network

189 Shan Youth Parahita - ရှမ်းလူငယ် ပရဟိတ

190 Shwe Minn Tha Foundation (Myanmar)

191 Shwe Thinkha Social Development Organization

192 Shwechinthae Farmers Network

193 Shwechinthae Social Service Group(shwebo)

194 Sindun network organization

195 Social Program Aid for Civic Education(SPACE)

196 Southern Youth Development Organization

197 Star Way CSO

198 Students and Youth Congress of Burma(SYCB)

199 Ta'ang Legal Aid

200 Ta’ang Students and Youth Union(TSYU)

201 Taang Women Organization (TWO)

202 Tanintharyi Friends (တနင်္သာရီမိတ်ဆွေများအဖွဲ့. )

203 taung tha youth organization

204 TEN, Taunggyi Education Network

205 Thanlwinthisa( ရှမ်းအရှေ့)

206 Third Eye (Mindat)

207 Tonzang Youth Association (TYA)

208 Uakthon Local Social Development Organization

209 WCN (Waimaw CSOs Network)

210 WE Generation Network

211 WOMAN OF Idigenous Network - Chin

212 Women And Peace Action Network(Shan State)

213 Women Power ( ရှမ်းအရှေ့)

214 Young Ni Oo Social Development Organization (ရောင်နီဦး လူမှုဖွံ့ဖြိုးရေးအဖွဲ့)

215 Young Ni Oo Women Group(ရောင်နီဦး အမျိုးသမီးအဖွဲ့)

216 Youth Champion (mdy)

217 Youth Circle

218 Youth(AYY)

219 Zinlum Committee ( Tanphaye)

220 ကဒူးလူငယ်ဖွံ့ဖြိုးရေးအသင်း

221 ကမ်းခြေအားမာန် ရေလုပ်သားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့

222 ကယန်း အမျိုးသမီးအစည်းအရုံး KyWO

223 ကယန်းမျိုးဆက်သစ်လူငယ် KNGY

224 ကယားပြည်နယ် ကျောင်းသား သမဂ္ဂ KSSU

225 ကရင်နီ ဒုက္ခသည် ကော်မတီ - KnRC

226 ကရင်နီပြည် လူငယ်များ သမဂ္ဂ - UKSY

227 ကရင်နီအမျိုးသားလူငယ်အစည်းအရုံး KNYO

228 ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာကွန်ယက်

229 ကွတ်ခိုင်တောင်သူကွန်ရက်

230 ကလျာဏမိတ္တဖောင်ဒေးရှင်း (KMF)

231 ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ကွန်ယက်

232 ကျိုင်းတုံလူငယ်ကွန်ရက်

233 ကျိုင်းတုံအမျိုးသမီးကွန်ရက်

234 ချင်းကျောင်းသားများသမဂ္ဂ-(တက္ကသိုလ်များ -ကလေး)

235 ချီဖွေလူမှုဖွံ့ဖြိုးရေးကွန်ယက်

236 ဂရုဏာရှင် နာရေးကူညီရေးအဖွဲ့

237 ငွန်တအောင်းမြေယာနှင့်သဘာပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့

238 ငါတို့အနာဂတ်ရှေ့ဆောင်

239 စစ်တောင်းသံစဉ် လူမှုကွန်ရက်

240 စိမ်းလန်းမိုးကုတ်

241 စိမ်းလန်းပြင်ဦးလွင်

242 စိမ်းရောင်စို (တံတားဦး)

243 ဆွတ်ရိန်မြေယာအဖွဲ့ တာမိုးညဲ

244 ဆာကဆာ

245 ဆာကဆော

246 ဆာကပေါ်

247 ဆာဓူဝေါ်

248 တအာင်းကျောင်းသားနှင့်လူငယ်များအဖွဲ့ ( TSYU)

249 တာကပေါလူငယ်အဖွဲ့

250 ထွန်းသစ်စ လူမှုဖွံ့ဖြိုးရေးအဖွဲ့

251 ထွယ်ဂင်တောင်

252 ထွယ်ဆန်

253 ထားဝယ်ခရိုင်တောင်သူလယ်သမားသမဂ္ဂ

254 ဒို့မြေ ပြည်သူ့အကျိုးပြုကွန်ယက် (တွံတေး)

255 ဓမ္မအလင်း ယဉ်ကျေးလိမ္မာအဖွဲ့

256 နမ့်ကျူပရဟိတဖောင်ဒေးရှင်း

257 နမ့်ဖတ်ကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့

258 နားချမ် လူမှုအဖွဲ့အစည်း

259 ပညာ့တံခါးအကာယ်ဒမီ

260 ပန်းပျိုးလက်ပရဟိတအဖွဲ့

261 ပန်းပျိုးသူ ကျေးလက်ဒေသဖွံ့ဖြိုးရေးအဖွဲ့

262 ပန်းသီကြိုး LGBT အဖွဲ့

263 ပါချန်မြစ်ထိန်းသိမ်းစောင့်ကြည့်ရေးအဖွဲ့

264 ပါချန်မြစ်ထိန်းသိမ်းစောင့်ကြည့်ရေးနှင့်မြစ်ဝှမ်းဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့

265 ပို့ရှင့်-ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့.

266 ပဒေသာမိုး

267 ပဲ့ကိုင်ရှင် ရေလုပ်သားငယ်များဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့

268 ပျိုးဥယျာဉ် ပညာရေး အထောက်အကူပြုအဖွဲ့

269 ငြိမ်းသံလွင်ဖောင်ဒေးရှင်း

270 မြို့မလူငယ်မိတ်သဟာယ

271 မင်္ဂလာဖောင်ဒေးရှင်း

272 မတူစိန်တလန်နယ်အဖွဲ့

273 မတူဖိုရမ်ကော်မတီ

274 မျှဝေကရုဏာ

275 မိုးဟောက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ မိုးမိတ်

276 မုံးမော်နယ်ကချင်နစ်ခြင်းဖွံ့ဖြိုးရေးဌာန

277 မျိုးဆက်သစ်(ရှမ်းပြည်)

278 ဖြူစင်မေတ္တာ နာရေးကူညီမှုအသင်း

279 မြန်မာနိုင်ငံရပ်ဗ်စာပေနှင့်ယဉ်ကျေးမှုအသင်း

280 ရက္ခအားမာန် လူမှု့ကူညီရေးအသင်း

281 ရခိုင်ပြည်လုံးဆိုင်ရာ တောင်သူလယ်သမားသမဂ္ဂ

282 ရခိုင်ပြည်လုံးဆိုင်ရာအရပ်ဘက်လူမှုအဖွဲ့အစည်းများမိတ်ဖက်အဖွဲ့.

283 ရခိုင်လူငယ်မျိုးဆက်သစ်ကွန်ရက်(RYNGN)

284 ရခိုင့်အရပ်ဘက်လူမှုအဖွဲ့အစည်းများကွန်ရက်(ACN)

285 ရည်ရွယ်ရာ လူငယ်ဖွံ့ဖြိုးရေးအဖွဲ့

286 ရတနာရောင်ခြည် လူမှုဖွံ့ဖြိုးရေးအဖွဲ့

287 ရှစ်လေးလုံးသွေးသစ်အဖွဲ့ (မိုးညှင်း)

288 ရှမ်းပြည်နယ်(မြောက်ပိုင်း)မြေယာနှင့်တောင်သူကွန်ရက်

289 ရှားနားအဖွဲ့. (နာဂ)

290 ရှိုးမချင်း - စေတနာ့ဝန်ထမ်းရာ

291 လက်ဖက်စိုက်ပျိုးထုတ်လုပ်သူများအဖွဲ့ မိုးမိတ်

292 လချိတ်စာပေနှင့်ယဉ်ကျေးမှုအသင်း

293 လပွတ္တာ တောင်သူလယ်သမားသမဂ္ဂအဖွဲ့.

294 လှူဘောင်သစ်လူငယ် (YNS)

295 လူမှုထာ

296 ဝံလက်ဖောင်ဒေးရှင်း(ရခိုင်ပြည်)

297 သင့်မြတ်လိုသူများ အဖွဲ့

298 သင့်မြတ်သူများ၏ငြိမ်းချမ်းရေးလမ်းစဉ်အဖွဲ့ PoPP

299 သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (ဆီဆိုင်)

300 သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးနှင့်တောင်သူလယ်သမားဖွံ့ဖြိုးရေးအဖွဲ့ (ရှမ်းပြည်)

301 သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (ပေါင်းလောင်း)

302 သူရိန်ထွန်းဒေသဖွံ့ဖြိုးရေးအသင်း

303 သံတောင် WON

304 ဟိုပင်ရှမ်းနီစာပေယဉ်ကျေးမှုအဖွဲ့

305 အခမဲ့ပညာရေးဂန်ဆောင်မှုအဖွဲ့

306 အနာဂတ်အလင်းကော်မတီ (ဘုတ်ပြင်း)

307 အမျိုးသမီးမိတ်သဟာဟ၊နှစ်ခြင်းအသင်းတော်

308 အမျိုးသားသဟာယ၊(မတူပီ)

309 အလင်းတန်းလူမှုဖွံ့ဖြိုးရေးအဖွဲ့

310 အလင်းဖန်းမော်ဘက်စုံဖွံ့ဖြိုးရေးဖောင်ဒေးရှင်း

311 အလင်းသစ္စာကော်မတီ (ဘုတ်ပြင်း)

312 အလင်းရောင်ပန်းတိုင်ကော်မတီ (ကျွန်းစု)

313 အလုပ်သမားဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့

314 အသံ (လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့)

315 အားမာန်သစ် လူမှုဖွံ့ဖြိုးရေးအဖွဲ့

316 အဲန်တောင်ပေါ် သားဘော်ဒါအဖွဲ့

317 အနှိုင်းမဲ့မေတ္တာရှင်

318 ဥသျှံဒေသလူမှုဖွံ့ဖြိုးရေးအဖွဲ့အစည်း

319 ရောပျိုမေ အမျိုးသမီးဖွံ့ဖြိုးရေးအဖွဲ့

320 ကောင်းမြတ်နလုံးသား ကျန်းမာရေးစောင့်ရှောက်မှု့အဖွဲ့

321 ကော့သောင်းမြို့ နိုင်ငံပိုင်မြေယာစောင့်ရှောက်ရေးကော်မတီ

322 ကျေးလက်ဒေသဖွံ့ဖြိုးရေးအဖွဲ့

323 ကျောက်ဖြူမြို့နယ် လုံးဆိုင်ရာ တောင်သူလယ်သမားသမဂ္ဂ

324 ဆွေသဟာလူမှုဖွံ့ဖြိုးရေးအဖွဲ့

325 တောင်သူကွန်ရက် (ကော့သောင်း)

326 တောင်သူလယ်သမားစိုက်ပျိုးမွေးမြူရေးကွန်ယက်

327 တောင်သူလယ်သမားများ ဥပဒေအထောက်အကူပြုကွန်ရက်(ရခိုင်ပြည်နယ်) PLAN-A

328 တောင်သူလယ်သမားများနှင့်မြေယာလုပ်သားများသမဂ္ဂ(မြန်မာနိုင်ငံ)

329 တောင်သူလယ်သမားများနှင့်မြေယာလုပ်သားများသမဂ္ဂ(ရှမ်းရှေ့)

330 တောင်သူလယ်သမားများနှင့်မြေယာလုပ်သားများသမဂ္ဂ (မြိတ်)

331 တောင်သူလယ်သမားသမဂ္ဂ - ကော့သောင်း

332 တောင်သူလယ်သမားအဖွဲ့(ရပ်စောက်)

333 မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း

334 မေတ္တာလက်ကမ်း (မြိတ်)

335 မေတ္တာရှေ့ဆောင်

336 မြေယာနဲ့ သဘာဝဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ ကွတ်ခိုင်

337 ရောင်စဉ်လိုင်း-ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုဆိုင်ရာအသိပညာပေးကွန်ယက်

338 ရွှေနံ့သာ တောင်သူလယ်သမားအဖွဲ့

339 ရွှေအနာဂတ် လူမှုဖွံ့ဖြိုးရေးအဖွဲ့

340 လေးအိမ်စု မင်္ဂလာ လူငယ်အဖွဲ့

341 လောင်ဗျစ်ခေါင်သဘာဝထိန်းသိမ်းရေးကော်မတီ

342 အောင်လောင်းတောင်သူအဖွဲ့ မိုးမောက်

343 နွေအရိပ်စာကြည့်တိုက်

344 နှစ်ခြင်းအသင်းတော် (မတူပီ)

345 နှလုံးလှသွေးလှူရှင်အသင်း

346 နိုင်ငံပိုင်မြေယာထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ (ကော့သောင်း)